# <u>စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အပြည့်ပြည်ဆိုင်ရာ မြန်မာ့ဒီမိုကရေစီအင်အားစုများညီလာခံ</u>
# <u>ညီလာခံကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲ(တယ်လီဖုန်းဆွေးနွေးပွဲ) မှတ်တမ်း / ၇</u>

ရက်စွဲ ။ ။ မေလ(၁)ရက် ၊ စနေနေ့ ၊ ၂၀၁၀

**<u>ဆွေးနွေးပွဲတက်ရောက်သူများ</u>**

(၁) ကိုရဲထွဋ်
(၂) ကိုဇော်ကိုနိုင်
(၃) ကိုလတ်
(၄) မခင်စန်းနွယ်
(၅) ကိုဝေထွန်း
(၆) ကိုစိုးမိုး
(၇) ကိုကိုလေး
(၈) ကိုစိုင်း
(၉) Dr-ခင်စိန်
(၁၀) ကိုရာဇာ
(၁၁) ဆရာတော်ဦးအဂ္ဂဓမ္မ
(၁၂) ဆရာတော်ဦးပညာဇောတ
(၁၃) ကိုထွန်းလှိုင်
(၁၄) ကိုဇော်ဇော် (ကနေဒါ)
(၁၅) ကိုတင်ထွဋ် (ကနေဒါ)
(၁၆) ကိုအောင်သန်း
(၁၇) ကိုဇော်နေမျိုး
(၁၈) ကိုမင်းနိုင်
(၁၉) ကိုခွန်ထွန်းတောက်
(၂၀) ကိုလှစိုး (ဘတ်ဖလိုး)
(၂၁) ကိုဇော်ဇော်
(၂၂) ကိုထွန်းထွန်း
(၂၃) ကိုတင်ကိုကိုဦး
(၂၄) ကိုကျော်သူရှိန်
(၂၅) ကိုမိုးသီဟ
(၂၆) ကိုသောင်းညွန့် ( BLF-UK - ကိုယ်စားလှယ် )
(၂၇) ကိုအောင်မြင့်ထွန်း
(၂၈) ကိုသက်ထွန်း
(၂၉) ကိုဆလိုင်းကိုကိုဦး
(၃၀) ကိုမျိုးအေး
(၃၁) ဦးကျော်ဝင်း

*(Conference Call Detail Report)အရ ဆွေးနွေးပွဲတက်ရောက်သူ(၃၈)ဦးရှိသည်။ (၇)ဦးမှာဆွေးနွေးပွဲတက်ရောက်ကြောင်း အကြောင်းမကြားချေ ။

**အခမ်းအနားမှူး။ ။ ကိုရဲထွဋ်၊ ကိုထွန်းထွန်း**
**မှတ်တမ်း။ ။ ကိုဇော်ကိုနိုင်၊ ကိုလတ်**

**<u>ဆွေးနွေးသည့်အကြောင်းအရာများ</u>**

(၁) ညီလာခံအခမ်းအနားပြင်ဆင်ရေးကိစ္စ ။
(၂) ညီလာခံအခမ်းအနားအစီအစဉ် ။
(၃) ဖွဲ့စည်းပုံရေးဆွဲရေးကိစ္စ ။
(၄) ညီလာခံသို့တက်ရောက်မည့် ကိုယ်စားလှယ်များ၏စာရင်းအား ပြုစုတင်ပြရေးကိစ္စ ။
(၅) ညီလာခံသို့တက်ရောက်မည့် ကိုယ်စားလှယ်များ၏ ကိုယ်ရေးရာဇဝင်တင်သွင်းရေးကိစ္စ ။
(၆) ဘဏ္ဍာရေးဆပ်ကော်မတီ၏ တိုက်တွန်းချက် ။
(၇) ညီလာခံကျင်းပရေးကော်မတီ၏အခြေအနေနှင့် လိုအပ်ချက်များဆွေးနွေးခြင်း ။
(၈) ညီလာခံပြီးနောက် ရှေ့လုပ်ငန်းစဉ်များ ကြိုတင်ဆွေးနွေးခြင်း ။
- အထွေထွေ ။

**ဆွေးနွေးဆုံးဖြတ်ချက်များ**

(၁) ညီလာခံအခမ်းအနားပြင်ဆင်ရေးကိစ္စ ။

- စနစ်တကျဖြစ်ရန် လိုအပ်သည် ။
- ဝတ်စားဆင်ယင်မှုမှာ အမျိုးသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(သို့မဟုတ်) သင့်တင့်သပ်ရပ်စွာ ဝတ်စားဆင်ယင်လာရန်ဖြစ်သည် ။
- အခမ်းအနားပြင်ဆင်ရေးအလုပ်အဖွဲ့အား ညီလာခံကျင်းပရေးကော်မတီမှ စုဖွဲ့ထားပြီးဖြစ်သည် ။
- ကိုရဲထွဋ်နှင့် ကိုလတ်တို့မှ ထိုအခမ်းအနားပြင်ဆင်ရေး အလုပ်အဖွဲ့တွင်ပူးပေါင်းပါဝင်မည်ဖြစ်သည် ။
-(Utica) ညီလာခံထက် ပိုမိုအားကောင်းသည့် ညီလာခံဖြစ်စေရန် ပြင်ဆင်လုပ်ဆောင်ရန်ဖြစ်သည် ။

(၂) ညီလာခံအခမ်းအနားအစီအစဉ် ။

- ညီလာခံအခမ်းအနားအစီအစဉ် ရေးဆွဲရေးအလုပ်အဖွဲ့မှ ၎င်းတို့ရေးဆွဲထားသည့်(မူကြမ်း)အား ဖတ်ကြားတင်ပြသည်။ (ထိုမူကြမ်းအားဖြန့်ဝေပြီးဖြစ်သည် ) ။
- ညီလာခံကျင်းပချိန်တိုးချဲ့ရန်လိုအပ်သည် ။ အချိန်တိုးချဲ့ရေးကိစ္စကို ညီလာခံကျင်းပရေးကော်မတီမှ တာဝန်ယူရန်ဖြစ်သည် ။
* ညီလာခံတွင်သဘာပတိများထားရန် ဆွေးနွေးဆုံးဖြတ်သည် ။
- ညီလာခံသို့ပေးပို့လာသည့် သဝဏ်လွှာများကို သင်ပုန်းတွင်ကပ်ထားပြီး ။ အခမ်းအနားမှူးမှ အနှစ်ချုပ်ဖတ်ကြားတင်ပြရန်ဖြစ်သည် ။
- အခမ်းအနားအစီအစဉ်ရေးဆွဲရေးအလုပ်အဖွဲ့မှ မူကြမ်းအဖြစ်ရေးဆွဲထားသည့် အခမ်းအနားအစီအစဉ်အား ရဲဘော်အားလုံးထံဖြန့်ဝေရန်ဖြစ်ပြီး ထိုအလုပ်အဖွဲ့ထံသို့ ရဲဘော်များမှ ဝိုင်းဝန်းအကြံပြုရန်ဖြစ်သည် ။

(၃) ဖွဲ့စည်းပုံရေးဆွဲရေးကိစ္စ ။

- ညီလာခံတွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့ဒီမိုကရေစီအင်အားစုများ၏ အဖွဲ့အစည်းတရပ်ဖွဲ့စည်းရေးအား ရည်မှန်းထားသည်ဖြစ်ရာ ထိုအဖွဲ့အစည်းပေါ်ပေါက်ရေးအတွက် ဖွဲ့စည်းပုံရေးဆွဲရေးအလုပ်အဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ရာ ထိုအလုပ်အဖွဲ့ထံသို့ ဖွဲ့စည်းပုံနှင့်ပတ်သက်သည့် အကြံပြုချက်များကို ပေးပို့ရန်ဖြစ်သည် ။
- ထိုအလုပ်အဖွဲ့တွင်
- ကိုကိုလေး
- ကိုရဲထွဋ်
- ကိုရာဇာ
- ကိုစိုင်း
- Dr-ခင်စိန်တို့ဖြစ်ပြီး အလုပ်အဖွဲ့အားတိုးချဲ့ဖွဲ့စည်းရန်ဖြစ်သည် ။ ဖွဲ့စည်းပုံရေးဆွဲရေးတွင် စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်နိုင်သည် ။
* ထိုအလုပ်အဖွဲ့မှ ဖွဲ့စည်းပုံ(မူကြမ်း)အား (၂)ပတ်အတွင်း ရေးဆွဲတင်ပြရန်ဆွေးနွေးဆုံးဖြတ်သည် ။

(၄) ညီလာခံသို့တက်ရောက်မည့် ကိုယ်စားလှယ်များ၏စာရင်းအား ပြုစုတင်ပြရေးကိစ္စ ။

- ညီလာခံသို့တက်ရောက်မည့် ကိုယ်စားလှယ်များစာရင်း(ခန့်မှန်းချေ/မူကြမ်း)ကို ညီလာခံမကျင်းပမီ တပတ်ကြိုတင်၍ ညီလာခံကျင်းပရေးကော်မတီထံသို့ သတင်းပို့ပေးရန်ဖြစ်သည် ။
- ညီလာခံဖိတ်ကြားရေးဆပ်ကော်မတီသည် ညီလာခံဖိတ်ကြားရေးအပြင် စည်းရုံးရေးကော်မတီအသွင်ဖြင့် စည်းရုံးရေးလုပ်ငန်းများကိုလုပ်ကိုင်ရန်ဖြစ်သည် ။
* ညီလာခံဖိတ်ကြားရေးဆပ်ကော်မတီဝင်များကို နိုင်ငံတကာတွင်ထားရှိရန် လိုအပ်သည်ဖြစ်ရာ ကနေဒါနိုင်ငံ၏ကိုယ်စားလှယ်အဖြစ် ကိုဇော်ဇော် နှင့် ကိုတင်ထွဋ်နေတို့အား " စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ မြန်မာ့ဒီမိုကရေစီအင်အားစုများ ညီလာခံ"၏ ညီလာခံဖိတ်ကြားရေးဆပ်ကော်မတီဝင်များအဖြစ် အတည်ပြုဆုံးဖြတ်သည် ။
- ညီလာခံသို့တက်ရောက်ရန် ဖိတ်ကြားရာတွင်လည်း (Email) အပြင် ဖုန်းဖြင့်ပြောဆို ဖိတ်ခေါ်ရန်လည်းလိုအပ်သည် ။

<u>(၅) ညီလာခံသို့တက်ရောက်မည့် ကိုယ်စားလှယ်များ၏ ကိုယ်ရေးရာဇဝင်တင်သွင်းရေးကိစ္စ ။</u>

- ကိုယ်ရေးရာဇဝင်တင်ရန်ဆိုသည့်ကိစ္စသည် ပြဿနာများဖြစ်နိုင်သည် တင်သွင်းရန်မလိုအပ်ဟုထင်မြင်သည် ။
- ကိုယ်ရေးရာဇဝင်တင်သင့်သည် ။ ကိုယ်ရေးရာဇဝင်သိမှ ညီလာခံတွင် အဖွဲ့အစည်းဖွဲ့မည်ဖြစ်ရာ ရွေးချယ်တင်မြှောက်နိုင်မည်ဖြစ်သည် ။
- သို့သော်လည်း ကိုယ်ရေးရာဇဝင်တင်သွင်းရန် မလိုအပ်ဟုဆုံးဖြတ်လျင် တင်သွင်းစရာမလိုချေ ။ ကိုယ်ရေးရာဇဝင်တင်သင့်သည်ဟုတင်ပြခြင်းမှာ ခေါင်းဆောင်ကိုရွေးချယ်လို၍ ဖြစ်သည် ။ အခြားရည်ရွယ်ချက်များမရှိချေ ။
- အကယ်၍ ကိုယ်ရေးရာဇဝင်တင်သွင်းလာပါက ၎င်းကိစ္စကို ထိန်းသိမ်းကိုင်တွယ်မည့် အလုပ်အဖွဲ့ရှိရန်လိုအပ်သည်။
* ညီလာခံသို့တက်ရောက်မည့် ကိုယ်စားလှယ်များအနေဖြင့် ကိုယ်ရေးရာဇဝင်တင်သွင်းသင့်သည် ။

<u>(၆) ဘဏ္ဍာရေးဆပ်ကော်မတီ၏ တိုက်တွန်းချက် ။</u>

- ညီလာခံကျင်းပရန်အတွက် ရန်ပုံငွေအင်အားနည်းနေသည် ။ (Self Funding)ဖြင့် ညီလာခံကျင်းပခြင်းဖြစ်သဖြင့် ရန်ပုံငွေများထည့်ဝင်ကြပါရန် ဘဏ္ဍာရေးဆပ်ကော်မတီမှ တိုက်တွန်းသည် ။

<u>(၇) ညီလာခံကျင်းပရေးကော်မတီ၏အခြေအနေနှင့် လိုအပ်ချက်များဆွေးနွေးခြင်း ။</u>

- ကျင်းပရေးကော်မတီတွင် အားဖြည့်ရန်လိုအပ်သည် ။
- ညီလာခံသို့တက်ရောက်လာမည့် ကိုယ်စားလှယ်များနေရာချထားရေးကိစ္စကို စီစဉ်ပြီးဖြစ်သည် ။
- ညီလာခံသို့တက်ရောက်လာမည့် ကိုယ်စားလှယ်များစာရင်း(ခန့်မှန်း)ကို ညီလာခံမကျင်းပမီ တပတ်အလိုတွင် သိရှိရန်လိုအပ်သဖြင့် ကျင်းပရေးကော်မတီသို့ အကြောင်းကြားပေးရန်ဖြစ်သည် ။

<u>(၈) ညီလာခံပြီးနောက် ရှေ့လုပ်ငန်းစဉ်များ ကြိုတင်ဆွေးနွေးခြင်း ။</u>

- မျိုးဆက်သစ်များကို မွေးမြူရန်လိုအပ်သည် ။
- ၂၀၀၈ ခုနစ်အခြေခံဥပဒေနှင့် (၂၀၁၀)ရွေးကောက်ပွဲအား ဆန့်ကျင်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ချမှတ်လုပ်ဆောင်ရမည် ။
- အမေရိကန်အစိုးရနှင့် နိုင်ငံတကာအစိုးရ၊ လွှတ်တော်၊ပါတီများသို့ စစ်အစိုးရအား ဖိအားပေးနိုင်ရန် တိုက်တွန်းနိုးဆော်သည့် နိုင်ငံရေးလုပ်ငန်းများကို ချမှတ်လုပ်ဆောင်ရမည် ။
- နိုင်ငံတကာအစိုးရများ၏ ထောက်ခံမှုများရအောင်လုပ်ရမည် ။
- ရန်ပုံငွေရှာဖွေရေးလုပ်ငန်းများကို ချမှတ်ရန်လိုအပ်သည် ။
- လက်နက်ကိုင်တော်လှန်ရေးလုပ်ငန်းတွင် လူနည်းနည်းဖြင့် စုဖွဲ့ထားသည့်နည်းကိုသာ ကျင်းသုံးသင့်သည် ။
- ရန်ပုံငွေရှာဖွေသည့်နည်းများထဲတွင် တနေ့တခေါ် လာစုဆောင်းသည့်နည်းသည် လက်တွေ့ကျင့်သုံးနိုင်လျင်ကောင်းသည် ။
- ယနေ့ကာလတွင် ရန်ပုံငွေသုံးစွဲရေးနှင့်ပတ်သက်ပြီး လူမှုရေးနှင့်စစ်ရေးအတွက်သုံးစွဲရေးဟူသည့် အတွေးခေါ်များရှိနေရာ လူမှုရေးလုပ်ငန်းများသို့ ကူညီထောက်ပံ့ရေးဘက်သို့သာ အလေးသာနေသည်ကို တွေ့ရသည် ။
- ပြည်ပရောက်အင်အားစုများ၏ ရန်ပုံငွေထောက်ပံ့မှုသည် တော်လှန်ရေးအောင်မြင်ရန်အတွက် အားတခုဖြစ်သည် ။
- ပြည်ပရောက်အင်အားစုများ၏ အဓိကလုပ်ငန်းများမှာ ရန်ပုံငွေရှာဖွေပြီး တော်လှန်ရေးလုပ်ငန်းများကို ထောက်ပံ့ရေးပင်ဖြစ်သည်။
- အင်အားစုများအတွင်းညီညွတ်ရေးသည် အရေးကြီးသည် ။ ညီညွတ်ရေးပြိုကွဲရသည်မှာ အချို့သည့် နံမည်ရလိုမှု၊ ငွေကြေးရလိုမှုများဖြင့် နိုင်ငံရေးလုပ်ငန်းများတွင် ချဉ်းကပ်လုပ်ကိုင်နေသောကြောင့်ဖြစ်သည် ။ ထိုအရာများကိုပြင်ဆင်နိုင်လျင် ညီညွတ်နိုင်မည်ဖြစ်သည် ။

- နယ်စပ်အင်အားစုများနှင့်ဆက်စပ်ပြီး လက်နက်ကိုင်တော်လှန်ရေးလုပ်ငန်းများအား အထောက်အပံ့ပေးသည့်လုပ်ငန်းကို လုပ်သင့်သည် ။
- လေးနက်စွာဖြင့် ပြည်ပအင်အားစုများ(နိုင်ငံတကာအင်အားစုများ)ကို စနစ်တကျစုစည်း/စုဖွဲ့သင့်သည် ။

<u>- အထွေထွေ ။</u>

- ညီလာခံတွင်ချမှတ်ဆွေးနွေးမည့် နိုင်ငံရေးလုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည် ။

---